China · YUNNAN

အရေးကြီးသတင်း A

Yunnan Daily Press Group THE FLOWER NEWS

# တရုတ်နှစ်သစ်ကူးသီတင်းပတ်တွင် ယူနန်သည် ခရီးသည်ပေါင်း (၂၂.၉၇)သန်းကိုကြိုဆိုခဲ့



တရုတ်နှစ်သစ်ကူးသီတင်းပတ်တွင် ယူနန်ပြည်နယ်သည် ခရီးသည်ပေါင်း (၂၂.၉၆၂)သန်း ကို ကြိုဆိုခဲ့ခြင်းဖြင့် သမိုင်းစံချိန်အမြင့်ကို ဆောက်တည်ခဲ့သည်။ အရှိန်မြင့်ရထားခရီးစဉ်နှင့် နယ်စပ်ခရီး၊ နယ်ခြားခရီးစဉ်များမှ ကြီးမားသော ဆွဲဆောင်မှုအားများရှိခဲ့သည်။

ဖေဖော်ဝါရီလ (၂)ရက်နေ့ နံနက် (၁၁)နာရီ၌ ကူမင်းတောင်ဖက် ဘူတာရုံအတွင်းတွင် လူများသွားလာလျက်ရှိကြသည်။ ကွန်တုံပြည်နယ် ကျန်းမိန်မြို့မှ ခရီးသည် ကျိန်ဟွန်မိသားစု (၃)ယောက်သည် သူတို့၏အချိန် (၆)ရက်ကြာခရီးစဉ်ကိုပြီးစီးခဲ့ပြီးအမြန်ရထားဖြင့်ကွန်ကြူးသို့ ပြန်ကြမည်ဖြစ်သည်။ "ဟိုအရင်က ဆိုရင် ကူမင်းကိုရောက်အောင် အချိန် (၂၀)နာရီ လောက်ကြာတယ်။ အရှိန်မြင့်ရထားဖွင့်လိုက်တော့ အချိန်သုံးပုံနှစ်ပုံတောင်လျော့နည်းသွားတော့ လည်ပတ်ရတဲ့အချိန် ပိုများလာတယ်။"ဟု ကျိန်ဟွန်က ဖော်ပြခဲ့သည်။ ယူနန်သည် တောတောင်လှပ၊ ရေမြေလှပ၊ လူပိုလှပသည်။ နောက်တစ်ကြိမ် ရုံးပိတ်ရက်တွင် အရှိန်မြင့်ရထားဖြင့် ယူနန်ကို ထပ်မံလာလည်ဦးမည်ဖြစ်သည်။

ယခင်နှစ်များနှင့် မတူသည်မှာ အရှိန်မြင့်ရထား ဖွင့်လှစ်ပြီးနောက် ၎င်း၏ သက်တောင့်သက်သာရှိသော၊ လျင်မြန်လွယ်ကူသော ထူးခြားချက်များကြောင့် ယူနန်ကို လာရောက်လည်ပတ် ရသည်မှာခရီးသည်အများ၏ ရွေးချယ်မှုအသစ်ဖြစ်လာခဲ့သည်။ ကူမင်း၊ ချုကျင့်စသည့် လမ်းကြောတစ်လျှောက် ပြည်နယ်ခွဲမြို့မှစပြီး ယူနန်တစ်ပြည်နယ်လုံး၏ ခရီးသွားလာရေးကို ဖြစ်ထွန်းလာနိုင်စေခဲ့သည်။

"နှစ်သစ်ကူးရုံးပိတ်ရက် နောက်ဆုံးရက်တွေမှာ ကျွန်မတို့က ဟော်ခိုက နေပြီး ဗီယက်နမ်သို့ ခရီးသွားလည်ပတ်ခဲ့တယ်။"ဟု ပေကျင်းမြို့မှ ခရီးသည် အန်တီနော်က ပြောသည်။ "နှစ်သစ်ကူးရောက်ချိန် ကျွန်မတို့ ယူနန်လာတဲ့အကြောင်းရင်းတစ်ခုဟာ အရှေ့တောင်အာရှကို ဆက်ပြီးသွားလည်လို့ရတာဖြစ်တယ်။ အရင်က ထိုင်းကိုသွားပြီးပြီ အခု ဗီယက်နမ်ကို သွားကြည့်ချင်လို့ သွားလိုက်တယ်။" ယခုနှစ်နှစ်သစ်ကူးတွင် အန်တီနော်ကဲ့သို့ ယူနန်သို့လာပြီး နယ်စပ်ခရီးစဉ် သို့မဟုတ် နယ်ခြားခရီးစဉ်ကိုခံစားသည့် ခရီးသည်မှာ များစွာရှိနေပေသည်။

ကူမင်း၊ စစ်ဆောင်ပန်းနားမှ ခရီးသွားလာရေးကုမ္ပဏီများမှ သိရှိချက်များအရ ယခုနှစ် နှစ်သစ်ကူးကာလအတွင်း တရုတ်-လာအို-ထိုင်းကိုယ်ပိုင်ယာဉ်မောင်း ခရီးစဉ်၊ ဗီယက်နမ် ရှာလုံဝမ်း နယ်ခြားခရီးစဉ်စသည့် ခရီးစဉ်များသည် ခရီးသည်များအတွက် စီစဉ်ပေးထားသော နိုင်ငံခြားခရီးစဉ်များဖြစ်ပြီး ပြည်နယ်အတွင်း အပြင်ခရီးသည်များ၏ နှစ်ခြိုက်မှုကို များစွာရရှိခဲ့ကြသည်။

စစ်ဆောင်ပန်းနားတိုင် (ရှမ်း) ကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်ခွဲ မော်ဟန်နယ်စပ် စစ်ဆေးရေးဂိတ်မှ ကိန်းဂဏန်း စုဆောင်းချက်အရ ဇန်နဝါရီ (၂၇)ရက်နေ့မှ (၃၀)ရက်နေ့ထိ ကွန်တုံ၊ ရှီခွ္ဂန်၊ ချုံချင်စသည့် ပြည်နယ်နှင့်မြို့များမှ ကိုယ်ပိုင်ကား (၄၁၀၀)ကျော်သည် မော်ဟန်ဂိတ်မှ နယ်ဝင်ထွက်ပြုခဲ့သည်။ နယ်ဝင်ထွက်လူဦးရေမှာ (၁၈၆၂၀)ဦးရှိခဲ့သည်။

ဓာတ်ပုံသတင်း

## အတူမျှဝေစက်ဘီးများရေပန်းစားလာသည်




တရုတ်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ကူမင်းမြို့လမ်းများပေါ်တွင် အတူမျှဝေစက်ဘီးစီးနေကြသော မြို့သူမြို့သားများနှင့် ခရီးသည်များကို တွေ့မြင်နေရသည်။ ၎င်းတို့ကိုစီးပြီး လမ်းရှုခင်းများကို ရှုစားခံစားခြင်းသည် အထူးကောင်းသောရွေးချယ်ချက် တစ်ချက်ဖြစ်သည်။ သက်သာပြီးသဘာဝပတ်ဝန်းကျင်ကို ကာကွယ်သည့် အတူမျှဝေစက်ဘီးသည် တရုတ်နွေဦးပွဲတော်တွင် မြို့လမ်းပန်းသွား လာရေးနှင့် မြို့အပန်းဖြေရေး၏ ရေပန်းစားချက်တစ်ခု ဖြစ်လာသည်။

## အလေးပါလုပ်ငန်းကြီး(၈)ခုကို အနာဂတ်တွင် ယူနန်အစွမ်းကုန်မွေးထုတ်လုပ်ဆောင်မည်

ယူနန်ပြည်နယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၆-၂၀၂၅ခုနှစ်) ယခုရက်ပိုင်းတွင် ထုတ်ဝေလာသည်။ ယူနန်၏ ထူးခြားချက်များ ပိုင်ဆိုင်သော ခေတ်ပေါ်လုပ်ငန်းစနစ်ကို တည်ထောင်ရန်၊ စီးပွားရေးကို အရှိန်အလယ်မြင့် တိုးမြှင့်မှုဖြစ်မြောက်စေရန်၊ လုပ်ငန်းများ အဆင့်အလယ်မြင့်သို့ ရောက်ရှိရန်အတွက် စီမံကိန်းတွင် ဆန်းသစ်ဒါရိုက်တာဦးဆောင်ခြင်းကဏ္ဍကို ခိုင်မာစေပြီး အလေးပါလုပ်ငန်းကြီး(၈)ခုကို အစွမ်းကုန်မွေးထုတ် လုပ်ဆောင်ပေးခြင်းဖြင့် တစ်ပြည်နယ်လုံးလုပ်ငန်းများ ခုန်ပျံကျော်လွှားဖွံ့ဖြိုးတိုးတက်မှုကို စီးပွားရေးအသစ်ဖြင့် ဦးဆောင်ရမည်ဟု တင်ပြထားသည်။

အနာဂတ်(၁၀)နှစ်အတွင်းအစွမ်းကုန်လုပ်ဆောင်မည့် အလေးပါလုပ်ငန်းကြီး(၈)ခုမှာ-ဇီဝဆေးဝါးနှင့် ကျန်းမာရေးလုပ်ငန်း၊ ခရီးသွားယဉ်ကျေးမှုလုပ်ငန်း၊ သတင်းနှင့် အချက်အလက်လုပ်ငန်း၊ ခေတ်ပေါ် ကုန်စည်သယ်ပို့ရေးလုပ်ငန်း၊ ကုန်းမြင့်ထူးခြားချက်ရှိ ခေတ်ပေါ်စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းသစ်လုပ်ငန်း၊ ခေတ်မီကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ စားသောက်ကုန်နှင့် အသုံးကုန်ထုတ်လုပ်မှု လုပ်ငန်းများဖြစ်သည်။ စီးပွားရေးတိုးမြှင့်စေသည့် တွန်းအားအသစ်ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။

စီမံကိန်းအတွင်းမှ သေချာစွာချမှတ်ထားသော အဓိကပန်းတိုင်အရ ၂၀၂၅ ခုနှစ်တွင် ယူနန်ပြည်နယ်မှာ ထောက်ပံ့မှုလုပ်ငန်းပုံစံပြောင်းလဲရန်နှင့် အဆင့်မြှင့်တင်ရန် အတွင်းထွက်တွန်းအားစနစ်နှင့် စင်မြင့်အထောက်အပံ့ကို ဘက်စုံတည်ထောင်မည်ဖြစ်ပြီး သိသာထင်ရှားသော ခေတ်ပေါ် လုပ်ငန်းအုပ်စုကို တည်ထောင်ကာ ဆန်းသစ်တီထွင်မှုအင်အား၊ ဆက်လက်ဖွံ့ဖြိုးတိုးတက် စွမ်းအားနှင့် ယှဉ်ပြိုင်မှုအားကြီးမားသော ယူနန်ထူးခြားသည့် ခေတ်ပေါ်လုပ်ငန်းစနစ် တည်ထောင်လာမည်ဖြစ်သည်။ ယူနန်ပြည်နယ် လုပ်ငန်းအဓိကလုပ်ဆောင်မှု ဝင်ငွေစုစုပေါင်း ပမာဏမှာ ဘီလီယံပေါင်း (၉၀၀)ယွမ် အထက်ရောက်ရှိနိုင်မည်ဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းတိုးမြှင့်တန်ဖိုးသည်GDPအချိုးအစား၏ (၆၀%)အထက် ရောက်မည်ဖြစ်ပြီး မဟာဗျူဟာဆန်း သစ်လုပ်ငန်းတိုးမြှင့်တန်ဖိုးသည် GDPအချိုးအစား၏(၂၅%)အထက်ရောက်ကာ ပုဂ္ဂလိကစီးပွားရေးတိုးမြှင့်တန်ဖိုးသည် တစ်ပြည်နယ်လုံး GDP၏ တိုးမြှင့်မှုအရှိန်ထက် မြင့်မားမည်ဖြစ်သည်။ သိပ္ပံနည်းပညာထောက်ပံ့နှုန်းမှာ (၆၅%)အထက်ရှိပြီး အလေးပါလုပ်ငန်းများမှာ တရုတ်တန်ဖိုးချိန်း၏ အထက်အလယ်ပိုင်းသို့ ရောက်ရှိမည်ဖြစ်သည်။

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝဂ်ဆိုက်ကို ဝင်ရောက်ပါ။
english.yunnan.cn